# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

# (၁၈) ရက်မြောက်နေ့ အစီအစဉ်

# [ ၂၀–၆–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **အထည်အလိပ်ကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် အထည်ချုပ်စက်မှုဇုန်များ(Garment Industry Zone)၊ ချည်မျှင်နှင့် အထည်အလိပ် စက်မှုဇုန်များ (Textile Industry Zone)တည်ထောင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်အတွင်း ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် ဧရာဝတီမြစ်ရေနစ်မြုပ်မှုကြောင့် နစ်နာသူတောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ကြေးပေးအပ်ရာတွင် အမည်လွဲမှား ရရှိသူများ ထံမှ ငွေများကို အမှန်တကယ် နစ်နာသူများသို့ ပြန်လည် လွှဲပြောင်း ပေးအပ်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့၊ နောင်ခမ်းကန်အား ကန်ပေါင်ရိုးကျောက်စီ မြေထိန်းနံရံ ပြုလုပ်ခြင်းနှင့် ကန်ပတ်လည် ကွန်ကရစ်လမ်းခင်းခြင်းအတွက် ရန်ပုံငွေချပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **အမ်းမြို့နယ်၊ ရူးကျေးရွာရှိ ရူးချောင်းရေတားတာပေါင် ပြုလုပ်ပေးရန် အမ်းမြို့ငွေသဇင်ဖြိုး ကုမ္ပဏီ အား ငွေကျပ်(၁၅၃)သန်း ပေးအပ်၍ လုပ်ငန်းဆောင်ရွက် စေခြင်းမှာ မှန်ပါသလား၊ ကျိုးပေါက်သွားသော ရူးချောင်းရေတားတာပေါင်အား စာချုပ်ပါစည်းကမ်းများအတိုင်း အချိန်မီ ပြန်လည် ပြုပြင်ပေးနိုင်ခြင်း ရှိ မရှိ၊ အချိန်မီ ပြန်လည် ပြုပြင် နိုင်ခြင်း မရှိပါက အမှန်တကယ် အရေးယူမှု ရှိ၊ မရှိနှင့် ရူးကျေးရွာ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံ (၁၇၅၀)ပေ ပြုလုပ်ပေးခြင်းအတွက် ငွေကျပ် (၁၃၀)သန်း ခွင့်ပြုကြောင်း ဖော်ပြထားသော်လည်း ကျောက်စီ မြေထိန်းနံရံ ပြုလုပ်မည့် မြေသားတာပေါင် အခိုင်အမာမရှိသည်ကို သိပါသလား** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့၊ မိုင်းပတ် ကျေးရွာအုပ်စု၊ မန်ပန်ရွာရှိ မန်ပန်ဆည်အား ကွန်ကရစ်ဆည်အဖြစ် တည်ဆောက်နိုင်ရန် ၂၀၁၈–၂၀၁၉ ခုနှစ်၊ ဒုတိယ(၆)လပတ်တွင် ရန်ပုံငွေ လျာထားဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **အင်းတော်မြို့နယ် အတွင်းရှိ ငါးမွေးတောင်သူများအား မြေအသုံးချမှု လယ(၃၀)ကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"သစ်တော ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်က တင်သွင်းသည့် **"တိုင်းပြည်စီးပွား ဖွံ့ဖြိုး တိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်း စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ခ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဂ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၊

(ဃ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၊

(င) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(စ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၊

(ဆ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၊

(ဇ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။